# အမှန်တရားဏ်၏အဓိပ်မြစ်

YR C
NO. 44



အလွတ်ကျမ်းချက်။ ။ တိမောသေဩဝါဒစာ ဒုတိယစောင် ၂း၁၅

“သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာ အကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစား အားထုတ်လော့။”



## တနင်္ဂနွေနေ့ ၊ မီလာနှင့် ဟိုင်းမ်တို့ ဘာဖြစ်ပျက်ခဲ့သနည်း ၁

သခင်ယေရှုကြွလာခြင်းအကြောင်းကို မြော်လင့်သောသူများ ၏ လှုပ်ရှားမှုအချိန်ကာလသည် ၁၈၄၀ အစောပိုင်းကာလများအတွင်း အလွန်တက်ကြွလှုပ်ရှားခဲ့သည်။ များစွာသော တရားဟောဆရာများနှင့် ဟောပြောသူများသည် သခင်ယေရှုမကြာမီကြွလာတော်မူခြင်းသတင်းကို မြို့ကြီးများနှင့် ကျေးရွာငယ်များတွင် ပြန့်နှံ့နေခဲ့သည်။ ထောင်ပေါင်းများစွာသောစာအုပ်များနှင့် မဂ္ဂဇင်းများကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ အခမဲ့ပေးဝေခဲ့ကြသည်။ စိတ်အားထက်သန်သော နားထောင်သူလူအုပ်ကြီးများသည် တရားစခန်းအစည်းအဝေးကို တက်ရောက်လာခဲ့ကြသည်။ သခင်ယေရှုကြွလာတော်မူခြင်းကို စိတ်ဝင်စားခြင်းသည် ယုံကြည်သူများ သခင်ယေရှုကြွလာမည်ဟု မျှော်လင့်သည့်အချိန် ၁၈၄၄ ခုနှစ်၊ အောက်တိုဘာ ၂၂ အထိ တိုးတက်ပုံပေါ်ခဲ့သည်။

သို့သော် သခင်ယေရှုပြန်မကြွလာတော်မူသောအခါတွင်၊ လူ အများစုသည် ကြွလာခြင်းအကြောင်းကိုမြော်လင့်သောသူများ ဟောပြောလှုပ်ရှားမှုသည် ပြီးဆုံးသွားပြီဟု ထင်ခဲ့ကြသည်။ ထို့ပြင် သူတို့မှန်ကန်ပုံရသည်။ ယုံကြည်သူများအားလုံး၏ယုံကြည်ခြင်းသည် စစ်ဆေးခံရသည်။ ဤခက်ခဲသောစမ်းသပ်မှုကို များစွာသောသူများက မကျော်ဖြတ်နိုင်ခဲ့ကြပါ။ လူဆိုးများသည် မှန်သည်၊ ဖြောင့်မတ်သူများသည် မှားယွင်းသည်ဟု ပေါ်လာစေရန် ၎င်းကို စာတန်က လုပ်ဆောင်ခဲ့သည်။ သခင်ယေရှုကြွလာခြင်းကို မျှော်လင့်သော မြော်လင့်ခြင်းခေါင်းဆောင်များကို သခင်ယေရှုမကြာမီ ကြွလာမည့်ဤသတင်းစကားကို ငြင်းပယ်သောသူများသည် မုန်းတီးခဲ့ကြပြီး၊ နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်။ ထိုထင်ရှားသောခေါင်းဆောင်များထဲမှ နှစ်ဦးသည် အဘယ်သို့ဖြစ်ခဲ့ကြောင်း ကျွန်ုပ်တို့လေ့လာမည်ဖြစ်သည်။

ဤအချိန်တွင်၊ ဝီလီယံမီလာသည် ၆၀ အထက် အသက် အ ရွယ်ရှိနေပြီဖြစ်သည်၊ သူသည် နာမကျန်းဖြစ်ခြင်း၊ အင်အားနည်းခြင်းနှင့် တရားဟောခြင်းမှလည်း ဝေးကွာခဲ့ရသည်။ သူသည် နှစ်အနည်းငယ်အကြာ၌ သေဆုံးခဲ့သည်။ သူသည် သခင်ယေရှုအဘယ်ကြောင့် မကြွလာခဲ့ကြောင်းကို ဘယ်တော့မှ နားမလည်ခဲ့ပေမယ့် သူသည် ဘုရားသခင်အပေါ်ထားရှိသော သူ၏ချစ်ခြင်းမေတ္တာကို ဘယ်တော့မှ မစွန့်လွှတ်ဘဲ၊ သခင်ယေရှု၏မကြာမီပြန်ကြွလာခြင်းကို မျှော်လင့်နေဆဲဖြစ်ခဲ့သည်။

ဂျောဆွာဟိုင်းမ်စ်သည် ဝီလီယံမီလာနဲ့ အနီးကပ်ဆုံး အလုပ်လုပ်ဆောင်ခဲ့သော တရားဟောဆရာဖြစ်သည်။ သတင်းစာများက သူ့အကြောင်းကို ယုတ်ညံ့သောရက်စက်ကြမ်းကြုတ်စွာ ပုံနှိပ်ထုတ်ဝေထားသည်။ သူ၏အသက်ကိုပင် ခြိမ်းခြောက်ခဲ့သည်။ သို့သော် သူသည် စိတ်ဓာတ်ကျနေသောယုံကြည်သူများကို ကူညီရန်နှင့် အားပေးရန်ကြိုးစားလုပ်ဆောင်ခဲ့သည်။ သူသည် မြော်လင့်ခြင်းသတင်းစကားကို ဖြန့်ဝေရန်လိုအပ်သမျှအားလုံးကို ပေးကမ်းခဲ့သောအန္တိမ်ပါးဆုံး၊ အဆင်းရဲဆုံးသူများကို ကူညီရန် ငွေများကို အချိန်ခဏတာ ရှာဖွေခဲ့သည်။ မီလာကဲ့သို့ပင်၊ သူသည် သခင်ယေရှုအဘယ်ကြောင့်ကြွလာတော်မမူကြောင်းကို ဘယ်တော့မှ နားမလည်ခဲ့ပေ၊ သူသည် သခင်ယေရှုခရစ်တော်အပေါ်ထားရှိသော သူ၏ချစ်ခြင်းမေတ္တာနှင့် သခင်ယေရှုသည် မကြာမီပြန်ကြွလာမည့်ယုံကြည်ချက်ကို ဘယ်တော့မှ မစွန့်လွှတ်ခဲ့ပါ။

**လက်တွေ့ကျင့်သုံးရန်။** သခင်ယေရှုခရစ်တော်အတွက် မုန်းတီးခြင်းခံရသူများနှင့် နှိပ်စက်ညှဉ်းပန်းခြင်းခံရသောသူများအကြောင်းနှင့်ပတ်သက်၍ ရှင်မဿဲခရစ်ဝင် ၅း၁၀-၁၂ က ဘာပြောဆိုထားသနည်း။ သူတို့သည် မင်္ဂလာရှိသောသူများဖြစ်သည်ဟု သခင်ယေရှုက အဘယ်သို့ဆိုနိုင်သနည်း။ ရောမဩဝါဒစာ ၅း၃-၅။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌ ယုံကြည်ကိုးစားဖို့ သင်ယူလေ့လာသည်နှင့်အမျှ၊ ကျွန်ုပ်တို့သည် မင်္ဂလာ ရှိသောသူများဖြစ်နိုင်ပါသည်၊ မည်သည့်အရာဖြစ်စေကာမူ ကိစ္စမရှိပေ။

## တနင်္လာနေ့ ၊ သစ္စာရှိသောသူများအနည်းငယ်သာ ၂

၁၈၄၄ ခုနှစ် အောက်တိုဘာတွင်၊ အမေရိကာ၌ရှိသော လူပေါင်း တစ်သိန်းခန့်သောသူများသည် သခင်ယေရှုကြွလာခြင်းကို မြော်လင့်နေခဲ့ကြသည်။ သခင်ယေရှုမကြွလာခဲ့သောအခါ သူတို့သည် အံ့အားသင့်ပြီး၊ စိတ်ဓာတ်ကျခဲ့ကြသည်။ လပေါင်း၊ နှစ်ပေါင်းကြာလာသောအခါ၌ များစွာသောလူတို့သည် မိမိတို့ ၏ ယုံကြည်ခြင်းကို စွန့်လွှတ်ခဲ့ကြသည်။



သို့သော် အခြားတစ်ဖက်မှာ အယောက် ၁၀၀ လောက်သာ သခင်ယေရှုက သူတို့ကို ပို့ဆောင်လမ်းပြနေကြောင်းနှင့် အောက်တိုဘာ ၂၂ ရက်တွင် သခင်ယေရှုသည် အရေးကြီးသောအမှုကို စတင်လုပ်ဆောင်နေကြောင်းကို ယုံကြည်နေဆဲဖြစ်သည်။ ဤအနည်းငယ်သောလူတို့သည် သမ္မာကျမ်းစာကို စိတ်အားထက်သန်စွာဆက်လက်လေ့လာပြီး၊ ဘုရားသခင်က သူတို့အား အမှန်တရားအသစ်များကို ဖော်ပြသည်နှင့်အညီ ၎င်းအမှန်တရားကို နာခံခဲ့ကြသည်။

ခရီးသွားခြင်း၊ တရားဟောခြင်းနှင့် စာရေးသားခြင်းတို့ဖြင့် ဂျိမ်းစ်ဝှိုက်လားအလွန် အလုပ်များခဲ့သည်။ ၁၈၅၀ ခုနှစ်တွင် သူသည် အသစ်သောစာစောင်ဖြစ်သည့် The Advent Review and Sabbath Herald အမည်ရှိသောစာစောင်ကို အစပြုခဲ့သည်။ ထို့အပြင် ၁၈၅၂ ခုနှစ်၌ အသစ်သောမဂ္ဂဇင်းဖြစ်သည့် The Youth’s Instructor ဟူသည့် မဂ္ဂဇင်းကို လူငယ်များအတွက်သာ ပုံနှိပ်ထုတ်ဝေရန် စတင်ခဲ့သည်။



၁၈၅၂တွင် ပုံနှိပ်စက်တစ်ခုဝယ်ရန် လှူဒါန်းသောငွေအလုံအလောက်ကို ရရှိခဲ့သည်။ ဂျိမ်းဝှိုက်နှင့် သူ၏လုပ်ဖော်ကိုင်ဖက်များသည် ပုံနှပ်ထုတ်ဝေခများပေးရသည်ထက် သူတို့ကိုယ်တိုင်လုပ်ရန်အတွက် ကုန်ကျစရိတ်နည်းစေသောကြောင့် ၎င်းသည် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်ခဲ့လေသည်။

ဘုရားသခင်သည် မိမိ၏အမှုတော်လုပ်ငန်းကိုလုပ်ရန် ငွေအလုံအလောက်ထောက်ပံ့ရန် မိမိ၏လူများတို့ကို အသုံးပြုနေသော်လည်း လှူဖြူများသည် ယင်းကိုဂရုမစိုက် ဖြုန်းတီးခဲ့ကြသည်၊ တစ်ကိုယ်ကောင်းဆန်စွာ အသုံးပြုခဲ့ကြသည်။

ကျွန်ုပ်တို့အသင်းတော်ရဲ့ အစောပိုင်းရှေ့ဆောင်များသည် အလုပ်ကို လွယ်ကူစွာ မလုပ်ဆောင်ခဲ့ရပါ။ ဂျိမ်းစ်ဝှိုက်က "ကျွန်ုပ်တို့ အစောပိုင်းကလုပ်ဆောင်ခဲ့သော အမှုတော်လုပ်ငန်းများတွင် ကျွန်ုပ်တို့သည် အစားအစာမလုံလောက်ခြင်းနှင့် အဝတ်အစားမလုံလောက်ခြင်းကြောင့် အ အေး လွန်ကဲခြင်းဒဏ်များ ခံစားခဲ့ရသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုတော်လုပ်ငန်းအတွက် ငွေကိုစုဆောင်းရာ၌ ကျွန်ုပ်တို့အသက်တာဘဝ၏လိုအပ်ချက်များပင် ဆုံးရှုံးခဲ့သည်" ဟု ရေးသားခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** အဘယ်ကြောင့် ထိုလှူဖြူများနှင့် အခြားသူများသည် ထိုကဲ့သို့သောအခက်အခဲများကို ခံရပ်ရန်တလိုတလား ရှိခဲ့ကြသနည်း။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၈း၉။ ဘုရားသခင်၏အမှုတော်လုပ်ငန်း ပြီးမြောက်ခြင်းအတွက် ကူညီရန် သင်အဘယ်အရာကို ဆက်ကပ်နိုင်မည်နည်း။

## သောကြာနေ့ ၊ အသင်းတော်ဖွဲ့စည်းခြင်း ၆

သခင်ယေရှုကြွလာခြင်းကို မျှော်လင့်သော မြော်လင့်ခြင်းယုံကြည်သူများသည် အမှန်တရားပြန့်နှံ့ခြင်းအတွက် ကူညီရန် ငွေများကို ပေးကမ်းချင်ခဲ့ကြသည်။ သို့သော် သူတို့၏ငွေများကို အဘယ်နေရာသို့ ပေးပို့သင့်သနည်း။ လူများတို့သည် သူတို့၏လှူဒါန်းခြင်းများကို ဂျိမ်းစ်ဝှိုက်ထံသို့ ပို့ခဲ့ကြသည်၊ အဘယ်ကြောင့်ဆိုသော် သူသည် ရိုးသားဖြောင့်မတ်သောသူဖြစ်ကြောင်းနှင့် သူတို့၏လှူဒါန်းသောငွေများကို ပညာရှိစွာအသုံးပြုမည်ကို သိခဲ့သောကြောင့်ဖြစ်သည်။ သို့သော် ဂျိမ်းစ်ဝှိုက်သည် လူများတို့၏လှူဒါန်းခြင်းများသည် သူ့ထံသို့ ပို့သည်ထက် အဖွဲ့အစည်းတစ်ခုခုသို့သာ သွားသင့်ကြောင့်ကို သိခဲ့လေသည်။ ပြဿနာတစ်ခုပဲရှိပါသည်၊ ၎င်းမှာ တစ်ဦးတည်းမဟုတ်သောအခါ လူများတို့သည် ငွေများကို အဖွဲ့အစည်းတစ်ခုသို့ အဘယ်သို့ပို့နိုင်မည်နည်း။



ဂျိမ်းစ်ဝှိုက်သည် ပုံနှိပ်စက်အသစ်တွင် ပုံနှိပ်ခြင်းဖြင့် ငွေစုဆောင်းရသည့်အတွက် ဝမ်းသာခဲ့သည်၊ သို့သော် ဤပုံနှိပ်စက်ကို အဘယ်သူက အမှန်တကယ်ပိုင်ဆိုင်သင့်သနည်း။ ဂျိမ်းစ်ဝှိုက်သည် ဤပုံနှိပ်စက်ကို ဝယ်ယူခဲ့ပြီး၊ သူသည် တရားဝင်ပိုင်ရှင်ဖြစ်သည်။ သို့သော် မြော်လင့်ခြင်းယုံကြည်သူများထံမှလှူဒါန်းခြင်းဖြင့်ဝယ်ယူခဲ့သောကြောင့် သူသည် ၎င်းကို မပိုင်ဆိုင်ချင်ခဲ့ပေ။ ရန်သူများက ဤအခြေအနေကို အခွင့်ကောင်းယူပြီး၊ သူက လူများတို့၏အလှူငွေမှ ချမ်းသာလာပြီဟူသည့် မမှန်သောကောလာဟလများကို စတင်ပျံ့နှံ့ လာစေခဲ့သည်။

အလှူငွေများနှင့် ပုံနှိပ်စက်များနှင့်အတူ လုပ်ရမည်အရာမှာ မြော်လင့်ခြင်းယုံကြည်သူများကြုံတွေ့ရသော ပြဿနာများမှာ အဖွဲ့အစည်းမရှိသောကြောင့်သာ ဖြစ်သည်။ တရားဟောဆရာများကို အဘယ်သို့ ရွေးချယ်ရမည်နည်း။ သူတို့ကို အဘယ်သို့ပေးရမည်နည်း။ ယုံကြည်သူများသည် ဒေသခံအသင်းတော်အဖွဲ့အစည်းများကို မည်သို့ဖွဲ့စည်းကြမည်နည်း။ အဘယ်သူသည် အသင်းတော်၏ပိုင်ဆိုင်မှုကို ပိုင်ဆိုင်လိမ့်မည်နည်း။ ယုံကြည်သူများအား မည်သည့်တရားဝင်အမည်ဖြင့် ခေါ်ဆိုမည်နည်း။

အဖွဲ့အစည်းသည် အရေးကြီးကြောင်းကို ဂျိမ်းစ်နှင့် အယ်လင်ဝှိုက် တို့ သိနားလည်ခဲ့ကြသည်။ သို့သော် မြော်လင့်ခြင်းယုံကြည်သူ အများစုသည် အဖွဲ့အစည်းကို အလိုမရှိခဲ့ကြချေ။ ဤအရာသည် ဥပုသ်နေ့အမှန်တရားနှင့် သခင်ယေရှုကြွလာခြင်းမြော်လင့်ခြင်း သတင်းစကားကိုငြင်းပယ်ခဲ့သော လောက၏အသင်းတော်များကဲ့သို့ ဖြစ်မည်ကို သူတို့ကြောက်ကြသည်။

၁၈၄၄ ခုနှစ် အကြီးအကျယ်စိတ်ဓာတ်ကျခြင်းပြီးနောက် နှစ်ပေါင်း ၂၀ နီးပါးတစ်လျှောက် ဘုရားသခင်သည် မိမိလူတို့အားဖြင့် စိတ်ရှည်သည်းခံစွာ အလုပ်လုပ်ဆောင်ခဲ့သည်။ ထို့နောက် ၁၈၆၃ ခုနှစ် မေလတွင် ပြည်နယ်တစ်ခုစီမှတရားဝင် ကိုယ်စားလှယ်များသည် မီချီဂန် (Michigan) ၌ တွေ့ဆုံခဲ့သည်။ ၎င်းကို အထွေထွေညီလာခံအစည်းအဝေး (General Conference) ဟု ခေါ်သည်။ ဤအစည်းအဝေးတွင် ဥပုသ်စောင့်ထိန်းသော မြော်လင့်ခြင်းယုံကြည်သူများကို အသင်းတော်တစ်ခုအဖြစ် ဖွဲ့စည်းသည်၊ သူတို့သည် မိမိတို့ကိုယ်မိမိတို့ သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများ ဟုခေါ်ဆိုခဲ့ကြသည်။ နောက်ဆုံးတွင် “ကျန်ကြွင်းသူများ” သည် အမည်တစ်ခု ရရှိခဲ့သည်။

ဤတွင် အယ်လင်ဝှိုက်က အမည်နှင့် ပတ်သက်၍ တစ်ချိန်ကရေးသားခဲ့သည်မှာ “ကျွန်ုပ်တို့သည် ခရစ်တော်ကြွလာခြင်းကို မြော်လင့်သောသတ္တမနေ့ဥပုသ်အသင်းတော်ဖြစ်သည်…. ဤအမည်ကို ဘုရားသခင်က ကျွန်ုပ်တို့အား ပေးထားသောအမည်ဖြစ်သည်။” “ကျွန်ုပ်တို့သည် သတ္တမနေ့ဥပုသ်ကို စောင့်ထိန်းပြီး၊ တန်ခိုးတော်နှင့် ကြီးမားသောဘုန်းအသရေတော်အားဖြင့် ကောင်းကင်မိုးတိမ်ပေါ်မှ ကျွန်ုပ်တို့သခင်ယေရှုခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းကို မျှော်လင့်နေသည့်အတွက် ဤအမည်သည် သင့်လျှော်သောအမည်ဖြစ်သည်။”

**လက်တွေ့ကျင့်သုံးရန်။** ဤယုံကြည်သူများသည် သမ္မာကျမ်းစာမှ မည်သည့်အကြံဉာဏ်များကို လိုက်နာခဲ့ကြသနည်း။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၄း၃၃၊ ၄၀။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

သို့သော်လည်း သခင်ယေရှုသည် သူတို့ကို ဤစိတ်ဓာတ်ကျသောအချိန်အတောအတွင်း မေ့ပစ်မထားခဲ့ပေ။ အမှန်ပင်ဖြစ်ပါသည်၊ တမန်တော်ယောဟန်သည် သူတို့အကြောင်းနှင့်ပတ်သတ်၍ ဗျာဒိတ်ကျမ်း ၁၂း၁၇ ၌ ပရောဖက်ပြုထားခဲ့သည်။ သူတို့ကို “ကျန်ကြွင်းသောသူ” ဟုခေါ်သည်၊ ၎င်းကို “နောက်ဆုံးတွင် အနည်းငယ်စုသာ ကျန်ရစ်ခဲ့သည်” ဟု အဓိပ္ပာယ်ရသည်။ ဘုရားသခင်သည် ကျန်ကြွင်းသော ဤအနည်းငယ်သောလူများထံမှ နောက်ဆုံးတွင် ဧဝံဂေလိတရားကို တစ်ကမ္ဘာလုံးသို့ ပို့ဆောင်မည့်လှုပ်ရှားမှုကို ပေါ်ပေါက်စေခဲ့ သည်။

ဘုရားသခင်၏အမှုတော်လုပ်ငန်း၌အောင်မြင်ခြင်း၏ သော့ချက်မှာ အဘယ်နည်း။ ၎င်းသည် ငွေများစွာ၊ လူအမြောက်အများ၊ ကြီးမားသောနိုင်ငံရေးဩဇာအာဏာကို တောင်းဆိုပါသလား။ ဇာခရိအနာဂတ္တိကျမ်း ၄း၆။



စိတ်ဓာတ် အကြီးအကျယ်ကျပြီးနောက် သစ္စာရှိသူအနည်းငယ်တို့ထံ ဖြစ်ပျက်ခဲ့သောအရာမှာ ဘုရားသခင်သည် ဤ လူစုကွဲပြားမှု၊ အားနည်းနေမှု၊ ဆင်းရဲသောယုံကြည်သူများကို သခင်ယေရှုကြွလာသည့်အထိ အောင်ပွဲဆင်သည့်တိုင်အောင် ရှေ့သို့ ချီသွားရမည့် တန်ခိုးအင်အားကြီးသော စစ်သည်တော်တစ်ခုအဖြစ်လုပ်ဆောင်ရန် အတူတကွ အဘယ်သို့ခေါ်ဆောင်လမ်းပြခဲ့သည့် အံ့ဩဖွယ်ကောင်း သော အကြောင်းအရာပင် ဖြစ်သည်။

ဤအချိန်ကာလအတောအတွင်း၊ လူတို့မေ့လျော့နေသောအမှန်တရားများကို လူများတို့သည် မတူညီကွဲပြားစွာအဘယ်သို့ ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည့်အကြောင်းကို ကျွန်ုပ်တို့ လေ့လာသင်ယူပြီးပါပြီ။ ဟီရမ်အက်ဒ်ဆန်သည် ကောင်ကင်းတဲတော်သန့်ရှင်းရာ ဌာနအမှန်တရားကို မြင်တွေ့ခဲ့ရသည်။ ဂျိုးဇက်ဘိတ်စ်သည် ဥပုသ်နေ့အမှန်တရားကို ရပ်တည်ကာကွယ်ခဲ့သည်။ ထို့အပြင် ဘုရားသခင်သည် အယ်လင်ဝှိုက်ကို ဦးဆောင်လမ်းညွှန်ကူညီရန်နှင့် ကျန်ကြွင်းသူများကို အားပေးရန် အထူးသတင်းစကားပို့ဆောင်ပေးသူအဖြစ် အဘယ်သို့ခေါ်တော်မူကြောင်းကို ကျွန်ုပ်တို့လေ့လာခဲ့ပြီဖြစ်သည်။

ဆုတောင်းခြင်းနှင့် ကျမ်းစာလေ့လာခြင်းတွင် တစ်ခါတစ်ရံတစ်ညလုံး၊ နာရီများစွာအသုံးပြုခြင်းအားဖြင့် တစ်ချိန်ကစည်းစည်းလုံးလုံးမရှိခဲ့သော ကျန်ကြွင်းသူများသည် “ဘုရားသခင်၏ပညတ်တော်များနှင့် သခင်ယေရှုခရစ်၏သက်သေခံတော်မူချက်” တွင် ခိုင်မြဲစွာ စည်းလုံးလာခဲ့သည်။ သူတို့တွေ့ရှိခဲ့သည့်အမှန်တရားများသည် သူတို့၏ဘဝအသက်တာကဏ္ဍတိုင်းကို လွှမ်းမိုးခဲ့သည်။ ၎င်းသည် သူတို့၏အပြုအမူ၊ အစားအသောက်နှင့် အဝတ်အစားကို ပြောင်းလဲစေခဲ့သည်။ ယင်းသည် သူတို့၏အချိန်နှင့် ငွေများကို မည်သို့ အသုံးပြုရမည်ကို လမ်းညွှန်ပေးခဲ့သည်။

ယုံကြည်သူများအရေအတွက်သည် တဖြည်းဖြည်းကြီးထွားလာခဲ့သည်။ သူတို့ အောင်မြင်ကျော်လွှားနိုင်ဖို့ရန် ရင်ဆိုင်ရမည့် အခက်အခဲများစွာ ရှိသည်။ သို့သော် ယေရှုက သူတို့ကိုချစ်ပြီး၊ သူတို့အားကူညီရန် အမြဲအတူရှိနေခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** အမှန်တရားကို ထင်ရှားကျော်ကြားလာသောအခါ လူအများက လက်ခံကြသည်။ သို့သော် အမှန်တရားသည် ထင်ရှားမကျော်ကြားသောအခါတွင်မူ၊ အနည်းငယ်သောသူများသာလျှင် ၎င်းကို ဆက်လက်ယုံကြည်ခဲ့ကြပြီး၊ အများစုမှာ စွန့်ပစ်ခဲ့ကြသည်။ ရှင်ယောဟန်ခရစ်ဝင် ၆း၆၆-၆၈။ သခင်ယေရှုအတွက် တစ်ယောက်တည်းရပ်တည်ဖို့ လေ့လာသင်ယူနေပါသလား။ သူတစ်ဦးတည်း၌သာ “ထာဝရအသက်၏စကားများ” ရှိသည်။ သခင်ယေရှုသည် သူ့အပေါ် သင်အမြဲသစ္စာစောင့်သိရန် ရဲစွမ်းသတ္တိပေးမည်ကို သတိရပါ။

## အင်္ဂါနေ့ | ဥပုသ်အစည်းအဝေးညီလာခံများ ၃

အကြီးအကျယ်စိတ်ဓာတ်ကျခြင်းပြီးနောက်၊ ဥပုသ်စောင့်ရန်ကြိုးစားနေကြသည့် မြော်လင့်ခြင်းယုံကြည်သူအနည်းငယ်တို့သည် မကြာမီတွင်မေ့သွားလိမ့်မည်ဟု ထင်ရသည်။ တစ်ခါတစ်ရံ “သေးငယ်သောအရာများ” အပေါ် အထင်သေးရန် လွယ်ကူပါသည်။ ဇာခရိအနာဂတ္တိကျမ်း ၄း၁၀။ သို့သော် အလွန်အရေးကြီးသောအရာတစ်စုံတစ်ခုသည် ဖြစ်ပျက်တော့မည်ဖြစ်သည်။

ကွန်နက်တီးခက် (Connecticut) အမည်ရှိသော ကျော်ဆောင်ထူထပ်သောမြို့ငယ်လေးတွင် ဥပုသ်စောင့်ထိန်းသောမြော်လင့်ခြင်းယုံကြည်သူ တစ်ယောက်ဖြစ်သည့် အဲလ်ဘတ်ဘယ်လ်ဒန် (Albert Belden) အမည်ရှိသူသည် မိမိအိမ်၌မပြီးဆုံးသေးသော အခန်းကြီးတစ်ခန်းကို အထူးအစည်းအဝေးတစ်ခုလုပ်ဖို့ အသုံးပြုရန် ကမ်းလှမ်းခဲ့သည်။ ကွန်နက်တီးခက်၌ရှိသော အနည်းငယ်သောယုံကြည်သူများသည် ၁၈၄၈၊ ဧပြီလတွင် ဤအစည်းအဝေးသို့တက်ရောက်ဖို့ ဖိတ်ကြားရန် သူတို့၏မိတ်ဆွေသူငယ်ချင်းများထံ စာများ ပို့ပေးခဲ့ကြသည်။ ဂျိမ်းစ်ဝှိုက်နှင့် အယ်လင်ဝှိုက်တို့သည် သူတို့မှာရှိသောငွေများအားလုံးကို စရိတ်အတွက်အသုံးပြုပြီး ထိုအစည်းအဝေးသို့ သွားရောက်ခဲ့ကြသည်။ ဂျိုးဇက်ဘိတ်စ်သည်လည်း တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးသည် လက်ရှိ လူ ၁၅ ယောက်ဖြင့် စတင်ခဲ့သော်လည်း ၅၀ ယောက်ထိတိုးလာပြီး၊ ၎င်းသည် အားတက်စရာဖြစ်လာခဲ့သည်။

ဥပုသ်နေ့တွင် ဂျိုးဇက်ဘိတ်စ်သည် တန်ခိုးဩဇာပါ၍ စိတ်ဝင်စားဖွယ်ကောင်းသော သမ္မာကျမ်းစာသင်ခန်းစာများကို ဟောပြောအားပေးခဲ့သည်။ အခြားသူများသည်လည်း ဥပုသ်နေ့ကို စောင့်ထိန်းခြင်း၏ ကောင်းချီးမင်္ဂလာများနှင့် အရေးကြီးပုံကို ကိုယ်တိုင် သက်သေခံခဲ့ကြသည်။ အစည်းအဝေးပြီးဆုံးသောအခါ လူတိုင်းသည် ပြောင်းလဲခြင်းသို့ ရောက်ကြသည်။ ဥပုသ်နေ့ကိုယုံကြည်သူများသည် အခြားသူများအား ဥပုသ်နေ့အကြောင်းကို ဝေမျှရန် စိတ်လှုပ်ရှားစွာထွက်ခွာသွားခဲ့ကြသည်။ ဥပုသ်နေ့နှင့် ပတ်သက်၍ မေးခွန်းများရှိသူများသည် ၎င်းနေ့အား သန့်ရှင်းစွာစောင့်ထိန်းရန် ဆုံးဖြတ်ခဲ့ကြသည်။

ဤအောင်မြင်သည့်အစည်းအဝေးကို ပထမဆုံးဥပုသ်ညီလာခံဟု လူသိများလာခဲ့သည်။ တက်ရောက်လာသူအားလုံးက ဤကဲ့သို့ ညီလာခံများပိုများများလုပ်သင့်သည်ဟု ခံစားရကြသည်။ နောက်တွင် ပိုများများလုပ်ခဲ့ကြသည်။

သို့သော် နောက်ဥပုသ်ညီလာခံသည် ဘေးအန္တရာယ်နှင့် အဆုံးသတ်နီးပါးဖြစ်ခဲ့သည်။ ၎င်းညီလာခံကို လပေါင်းများစွာကြာသောနောက် နယူးယောက်၊ ဗိုနယ် (Volney, New York) ၌ ကျင်းပခဲ့သည်။ လူ ၃၅ ယောက်ခန့် တက်ရောက်လာနိုင်ခဲ့ကြသည်၊ သို့သော် သူတို့ယုံကြည်သောအရာနဲ့ လုံးဝ မစည်းလုံးခဲ့ပါ။



အချို့တို့သည် သူတို့၌သာ အမှန်တရားရှိသည်ဟု ထင်ကြပြီး၊ သဘောထားကွဲလွဲမှုများနှင့် အငြင်းပွားမှုများသည် မကြာမီ၌ အစည်းအဝေးကို ဖျက်ဆီးရန် ခြိမ်းခြောက်ခဲ့သည်။

ဘုရားသခင်သည် စည်းလုံးမှုရှိစေရန် ကြားဝင်ဆောင်ရွက်ခဲ့သည်။ ထိုအငြင်းပွားမှု၏ဖြစ်စဉ်တွင် အဲလန်ဝှိုက်သည် ဘုရားသခင်ထံမှ ရူပါရုံတစ်ခု ရရှိခဲ့သည်။ ညီလာခံအစည်းအဝေး၌ ကျင်းပသောသူများ၏ မှားယွင်းသောယုံကြည်ချက်များစွာကို အမှန်ပြင်ဆင်ရန် ကူညီသော ကောင်းကင်တမန်တစ်ပါးက သတင်းစကားတစ်ခုကို ပေးခဲ့သည်။ ဗျာဒိတ်ကျမ်း ၁၄ ပါ ကောင်းကင်တမန်သုံးပါး၏ အမှန်တရားများအပေါ် အတူတကွစည်းလုံးညီညွတ်ကြရန် သူမက သူတို့အားလုံးကို အားပေးတိုက်တွန်းခဲ့သည်။ အဆိုပါအစည်းအဝေးသည် ပြည့်စုံသော စည်းလုံးညီညွတ်စွာဖြင့် ပြီးဆုံးခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** စည်းလုံးခြင်းအကြောင်းနှင့်ပတ်သက်၍ ဆာလံကျမ်း ၁၃၃း၁ က ဘာပြောထားသနည်း။ သင်၏ မိသားစုနှင့် အသင်းတော်တွင် သခင်ယေရှု၏ဆုတောင်းချက်ကို ဖြေကြားရန် သင်ဘာလုပ်နေသနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၇း၂၀-၂၃။

## ဗုဒ္ဓဟူးနေ့ | ညီလာခံအစည်းအဝေးများ ၄

အဲလ်ဘတ်ဘယ်လ်ဒန်၏ အိမ်၌စတင်ခဲ့သောဥပုသ်နေ့ညီလာခံသည် ကောင်းချီးများစွာ ဆက်လက်ခံစားခဲ့ရသည်။ ထိုနှစ်တွင် ဥပုသ်ညီလာခံ ခြောက်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သည်။ ဂျိမ်းစ်ဝှိုက်၊ အယ်လင်ဝှိုက်နှင့် ဂျိုးဇက်ဘိတ်စ်တို့သည် ၎င်းညီလာခံတို့ကို တက်ရောက်ခဲ့ကြသည်။ သို့သော် ထိုအချိန်က ခရီးသွားခြင်းသည် အကုန်အကျများသည်၊ ကြာညောင်းသည်၊ မသက်မသာ ဖြစ်ခဲ့ရသည်။ ယုံကြည်သူများသည် သူတို့၏နေအိမ်များနှင့်ဝေးကွာသောခရီးကို သွားရောက်ရန် မတတ်နိုင်ကြသောကြောင့် ညီလာခံအစည်းအဝေးများကို နယူးအင်္ဂလန် (New England) နှင့် နယူးယောက်မြို့ (New York) ရှိ ယုံကြည်သူအများစုနေထိုင်သည့်နေရာနှင့် နီးကပ်သောနေရာများတွင် ကျင်းပခဲ့ကြသည်။

သခင်ယေရှုမွေးဖွားခဲ့သည့်နေရာကဲ့သို့ပင် ဤညီလာခံများသည် နှိမ့်ချသောနေရာများတွင် တွေ့ဆုံခဲ့သည်။ ဥပမာအနေဖြင့်၊ တတိယအကြိမ်ညီလာခံကို ဟီရမ်အက်ဒ်ဆန်၏စပါးကျီ၌ကျင်းပခဲ့သည်။ ထိုစပါးကျီသည် အကြီးအကျယ်စိတ်ဓာတ်ကျခြင်းပြီးနောက် သူနှင့် သူ့အပေါင်းအဖော်မိတ်ဆွေများ ဆုတောင်းခဲ့ကြသောနေရာပင် ဖြစ်သည်။

စတုတ္ထအကြိမ်ညီလာခံကို ကျောက်ဆောင်ထူထပ်သောတောင်ကုန်း၊ ကွန်နက်တီးခက်၌ ကျင်းပခဲ့ပြီး၊ ပဉ္စမအကြိမ်ကို မိန်းန်ပြည်နယ်၊ ထောရှမ်မ် (Topsham, Maine) ၌ ကျင်းပခဲ့သည်။ ဤအစည်းအဝေးမှ တက်ရောက်ပါဝင်သူများသည် ဘုရားသခင်က သူတို့ သင်ယူလေ့လာခဲ့သောအံ့ဩဖွယ်အမှန်တရားများကို အဘယ်သို့ပုံနှိပ်ထုတ်ဝေရမည်ကို သူတို့အား အကူအညီပေးလမ်းပြရန် ဆုတောင်းခဲ့ကြသည်။

ဘုရားသခင်သည် သူတို့၏ဆုတောင်းခြင်းကို နောက်ညီလာခံအစည်းအဝေးတွင် အဖြေပေးခဲ့သည်။ ၎င်းညီလာခံကို ၁၈၄၈ ခုနှစ်၌ မက်ဆာချူဆက်ထ်စ်၊ ဒေါ်ချက်စတာ (Dorchester, Massachusetts) ၌ ကျင်းပခဲ့သည်။ ဤအစည်းအဝေးအတွင်းတွင် အယ်လင်ဝှိုက်သည် တဖန် ရူပါရုံတစ်ခုကို ရရှိခဲ့သည်။

ဥပုသ်နေ့သည် ဘုရားသခင်၏နောက်ဆုံးသောကာလ၌ အသက်ရှင်သောသူများအတွက် အလွန်အရေးကြီးကြောင်းနှင့် ဥပုသ်နေ့ အမှန်တရားသည် သခင်ယေရှုခရစ်တော်ကြွလာတော်မူသည်အထိ၊ ပို၍ပို၍ ထွန်းလင်းတောက်ပသောအလင်းရောင်နှင့်တူကြောင်းကို သူမ မြင်ခဲ့ရသည်။

ရူပါရုံ့ရပြီးနောက်တွင်၊ သူမသည် ဥပုသ်နေ့အကြောင်း အခြားစာအုပ်တစ်အုပ်ကို ပုံနှိပ်ထုတ်ဝေရန် ဂျိုးဇက်ဘိတ်စ်အား အားပေးတိုက်တွန်းခဲ့သည်။ ထို့အပြင် သူမသည် သူမ၏ခင်ပွန်းကိုလည်း “ငါ့မှာ သင့်အတွက် သတင်းစကားတစ်ခုရှိသည်။ သင်က ၎င်းကို စာစောင်ငယ်အဖြစ် စတင်ထုတ်ဝေရမည်၊ ပြီးနောက် ၎င်းကို လူများတို့ကို ဝေငှပို့ပေးရမည်” ဟု ပြောဆိုခဲ့သည်။ သူမပြောခဲ့သော ၎င်း သတင်းစကားသည် အစပိုင်းတွင် သေးငယ်သည်ဟု ဆိုသော်လည်း ၎င်းသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ လျှပ်စီးသောအလင်းများသွားကဲ့သို့ ရောက်သည့်တိုင်အောင် ၎င်းသတင်းစကား၏ဩဇာလွှမ်းမိုးမှုသည် ကြီးထွားလာလိမ့်မည်ဖြစ်သည်။

ဤညီလာခံအစည်းအဝေးများသည် ဥပုသ်စောင့်ထိန်းသူမြော်လင့်ခြင်းယုံကြည်သူများအတွက် အလွန်အရေးကြီးလှပါသည်။ သမ္မာကျမ်းစာကို လေ့လာခြင်းနှင့် ဆုတောင်းခြင်းအားဖြင့်၊ သူတို့သည် သမ္မာကျမ်းစာအမှန်တရား၏ခိုင်မြဲသောအုတ်မြစ်အပေါ်မှာ စည်းလုံးခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** ၎င်းသည် ခရစ်ယာန်များအတွက် လုပ်ဆောင်ဖို့ရန် အရေးကြီးကြောင်း ပေါလုက ဘာပြောထားခဲ့သနည်း။ ဟေဗြဲဩဝါဒစာ ၁၀:၂၃-၂၅။ အကယ်၍ ယုံကြည်သူများအတူတကွတွေ့ဆုံရန် မကြိုးစားခဲ့ပါက ဘာဖြစ်မည်နည်း။

## ကြာသပတေးနေ့ | ပစ္စုပ္ပန်အမှန်တရား ၅

အယ်လင်ဝှိုက်သည် ဂျိုးဇက်ဘိတ်အား ဥပုသ်နေ့အကြောင်း အခြားစာအုပ်တစ်အုပ်ကို ပုံနှိပ်ထုတ်ဝေရန် တိုက်တွန်းအားပေးခဲ့ပြီး၊ သူသည်လည်း ၎င်းကို ထုတ်ဝေခဲ့သည်။ နှစ်လကြာသောနောက်၊ သူသည် အသက်ရှင်သောဘုရားသခင်၏တံဆိပ်တော် (A Seal of the Living God) စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

သူ၌ ငွေမရှိသော်လည်း ဂျိမ်းစ်ဝှိုက်သည်လည်း ဘုရားသခင်၏ လမ်းညွှန်သွန်သင်ချက်ကို နာခံခဲ့သည်။ ၁၈၄၉ ခုနှစ် ဇူလိုင်လတွင်၊ သူသည် ပစ္စုပ္ပန်အမှန်တရား (The Present Truth) ဟုခေါ်သော စာစောင်ငယ်ကို စတင်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယင်းတိုတိုနဲ့ ရှင်းရှင်းလင်းလင်းဖြစ်သော ဆောင်းပါးများက သတ္တမနေ့ဥပုသ်သည် ဘုရားသခင်၏အနားယူရာနှင့် ဝတ်ပြုရာနေ့ဖြစ်နေဆဲဖြစ်ကြောင်းကို ဖော်ပြခဲ့သည်။ ဘုရားသခင်၏ကောင်းချီးရရှိရန်အတွက် စိတ်အားထက်သန်စွာဆုတောင်းခြင်းအားဖြင့် ၎င်းကို လူတိုင်းဖတ်ရမည်ဟု သူထင်သည့်အတိုင်း လူတိုင်းထံ ပေးပို့ခဲ့သည်။ ဤလူများတို့သည် ၎င်းစာစောင်အတွက် အလွန်ပင်ကျေးဇူးတင်ခဲ့ကြပြီး၊ များစွာသောသူတို့သည် ၎င်းကို ပုံနှိပ်ထုတ်ဝေခပေးဖို့ရန်အတွက် ငွေများ ပေးပို့ခဲ့ကြသည်။ ထို့အပြင် လူအများတို့သည်လည်း ၎င်းကို သူတို့၏ပတ်ဝန်းကျင်များနှင့် မိတ်ဆွေသူငယ်ချင်းများအား ဝေငှခဲ့ကြပြီး၊ မကြာမီတွင် ပို၍များစွာသောလူများတို့သည် ဥပုသ်နေ့ကို စောင့်ထိန်းလာခဲ့ကြသည်။

နောက်လာမည့်နှစ်အနည်းငယ်အတွင်း၌ လူဖြူများသည် အကြိမ်ကြိမ်ပြောင်းရွှေ့နေထိုင်ပြီး၊ ချေးငှားထားသောအခန်းများတွင် နေထိုင်ခဲ့ကြရသည်။ သူတို့သည် ပြောင်းရွှေ့နေထိုင်ရသည့်အချိန်တိုင်းတွင်၊ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းကိုလည်း ပြောင်းရွှေ့ခဲ့ကြသည်။